## Highlights from DVB Debate's Rakhine State Analysis

## August 26, 2017

## 'Why does the World focus on Rakhine State?'

"လူမျိုးရေး တင်းမာမှုတွေလည်း ရှိနေတယ်။ အထူးသဖြင့် ၂၀၁၂ ခုနှစ် လူမျိုးရေး ပဋိပက္ခဖြစ်ပြီး နောက်ပိုင်းမှာ နိုင်ငံတကာက ပိုစိတ်ဝင်စားလာတာပါ။ ဘယ်လိုပဲဆိုဆို လူတွေက အိုးမဲ့အိမ်မဲ့ ဖြစ်လာတော့ ကမ္ဘာက ပိုစိတ်ဝင်စားလာတာပေါ့။"

ဦးကျော်မင်း - ဥက္ကဋ္ဌ၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးပါတီ

---

"နိုင်ငံကြီးများရဲ့ နိုင်ငံရေး ကစားကွက်ဟာ ကျနော်တို့ဘက် ရောက်လာတယ်။ ၁၉၄၂ မှာ ရခိုင်တိုင်းရင်းသားများစွာ အသတ်ခံရတယ်။ ယူအန်ဆိုတာ ဘာလဲ၊ ယူအန်အေဂျင်စီ အားလုံးနီးပါးလောက် သူ့ရဲ့လွှမ်းမိုးမှုက funding နဲ့ ပတ်သက်လာတာမှာ.. ဟိုဘက်မှာ ရှင်းပစ်တယ် ဒီဘက်က မွတ်စလင် community ကိုကျတော့ စာနာတယ်။ ရခိုင်မြောက်ပိုင်းဒေသမှာ ဖြစ်လာတဲ့ tensions ကို ယူပြီးတော့ အိန္ဒိယသမုဒ္ဒရာကို မဝင်နိုင်အောင် နိုင်ငံတကာ ဖိအားတွေလာတာ။"

ဒေါက်တာအေးမောင် - ဥက္ကဋ္ဌ၊ ရခိုင်အမျိုးသားပါတီ

---

"နိုင်ငံတကာမှာ လူ့အခွင့်အရေးချိုးဖောက်မှုရှိတယ် အဲဒါကို မထောက်ပြဘူးဆိုတဲ့အချက်တွေကို ကျနော် လက်မခံဘူး။ လူ့အခွင့်အရေး ချိုးဖောက်မှုတွေဖြစ်တိုင်း လျစ်လျူရှုတာ မရှိဘူး။ မြန်မာပြည်မှာ ရခိုင်အရေးဖြစ်တိုင်းလည်း ထောက်ပြတယ်။ မွတ်စလင်တွေပဲ ထောက်ပြတာ မဟုတ်ဘူး ရခိုင်တိုင်းရင်းသားတွေ လူ့အခွင့်အရေးချိုးဖောက် ခံရရင်လည်း ထောက်ပြတာ ရှိတယ်။"

ဦးနစ်ကီ - မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေး ကျွမ်းကျင်သူ၊ Fortify Rights

---

"ကမ္ဘာ့အင်အားကြီး နိုင်ငံသည်များပင်လျှင် အရှေ့အလယ်ပိုင်းက ဖြစ်တာတွေကို မျက်နှာလွှဲချင်တဲ့ အခါမှာ ကျနော်တို့ဘက်ကို အာရုံစိုက်လာတာ။"

ဒေါက်တာအေးမောင် - ဥက္ကဋ္ဌ၊ ရခိုင်အမျိုးသားပါတီ

---

"ကမ္ဘာကြီးဟာ boat people ကိုကြောက်လာတယ်။ နိုင်ငံမဲ့ လာမပြောနဲ့ ဒီကိစ္စကို ဘင်္ဂလားဒေ့ရှ်အစိုးရ တာဝန်ယူရမယ်။"

ဒေါက်တာ အေးမောင် - ဥက္ကဋ္ဌ၊ ရခိုင်အမျိုးသားပါတီ

---

"ကျမတို့ သတင်းရေးတဲ့အခါ မမျှတမှု အသံပေါင်းစုံ မပါဘူးလို့ မြင်တာရှိတယ်။ သတင်းတခုကို မျှတအောင် သတင်းရယူခွင့်လုပ်တဲ့အခါမှာ အစိုးရသတင်းထုတ်ပြန်ချက်တွေ ယူရတာ ရှိတယ်။ ရခိုင်တိုင်းရင်းသားတွေကို မမေ့ပါဘူးရှင်။ တခါတလေ အရေအတွက်ပေါ်မှာ မူတည်တာပေါ့။ ဥပမာ ရခိုင်တပ်မတော်နဲ့ အစိုးရတပ်တွေ စစ်ပွဲဖြစ်ရာမှာ ရခိုင်တိုင်းရင်းသားတွေ အိုးအိမ်စွန့်ခွာ ထွက်ပြေးရတာ ရှိတယ်။ မနေ့ကဖြစ်တဲ့ သတင်းတွေမှာလည်း ရခိုင်တိုင်းရင်းသားတွေ အိမ်ထဲမှာ ပိတ်မိနေတာမျိုးတွေ ဖော်ပြတာမျိုး ရေးပါတယ်။"

အက်စသာထုဆန် - ဌာနေသတင်းထောက်၊ အေပီသတင်းဌာန

---

"ရခိုင်တပြည်နယ်ထဲရဲ့ ပြဿနာလို့ မမြင်နဲ့. မြန်မာတနိုင်ငံလုံးရဲ့ တပြည်လုံးပြဿနာအနေနဲ့ တရားမဝင်ရွှေ့ပြောင်းသွားလာမှုပြဿနာတွေနဲ့ ပတ်သက်လို့ ဖြေရှင်းသင့်တယ်။"

ဒေါက်တာ အေးမောင် - ဥက္ကဋ္ဌ၊ ရခိုင်အမျိုးသားပါတီ

---

"ဒုက္ခသည်ပြဿနာနဲ့ နိုင်ငံမဲ့ပြဿနာက ရောထွေးနေတယ်။"

ဦးနစ်ကီ - မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေး ကျွမ်းကျင်သူ၊ Fortify Rights

---

"ကျနော်တို့အနေနဲ့ ရခိုင်ပြည် တည်ငြိမ်တာ အေးချမ်းတာ လိုချင်တယ်။ ရခိုင်နဲ့ မွတ်စလင် ဟိုးဘုရင်ခေတ်ကတည်းက တည်တည်ငြိမ်ငြိမ်နေလာခဲ့တယ်။ တိုက်ခိုက်တာမျိုးတွေ မလိုချင်ပါဘူး။ ကျနော်တို့က နိုင်ငံရေးသမား. နိုင်ငံရေးအရပဲ ဖြေရှင်းဖို့ တိုက်တွန်းခဲ့တာပါ"

ဦးကျော်မင်း - ဥက္ကဋ္ဌ၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးပါတီ

---